*ပူးတွဲသတင်းထုတ်ပြန်ချက်*

## ပူးတွဲအစီရင်ခံစာအရ မြန်မာနိုင်ငံရှိ နေထိုင်မှုအခြေအနေများ တိုးတက်လာကြောင်း  တွေ့ရှိရ

**[နေပြည်တော် – ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၉ ရက်]** မြန်မာနေထိုင်မှုအခြေအနေစစ်တမ်းမှ ထွက်ပေါ်လာသော အဓိကညွှန်ကိန်းများအစီရင်ခံစာအရ မြန်မာနိုင်ငံရှိ နေထိုင်မှုအခြေအနေ ညွှန်ကိန်းများသည် လွန်ခဲ့သော ဆယ်စုနှစ်အတွင်း၊ အထူးသဖြင့် လွန်ခဲ့သော နှစ်နှစ်တာကာလအတွင်း တိုးတက်လာခဲ့သည်ဟု သိရပါသည်။ ဗဟိုစာရင်းအင်းအဖွဲ့သည် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်၊ ကမ္ဘာ့ဘဏ်တို့နှင့် ပူးပေါင်းကာ စစ်တမ်းရလဒ်များကို အခြေခံကာ ပြုစုထားသော ပထမဦးဆုံး အစီရင်ခံစာကို ယနေ့ နေပြည်တော်တွင် ထုတ်ပြန်ခဲ့ပါသည်။

အစီရင်ခံစာတွင် **နေထိုင်မှုအခြေအနေများ သိသာထင်ရှားစွာ ပြောင်းလဲလာမှုများကို တင်ပြထားရာ အထူးသဖြင့် လျှပ်စစ်မီးရရှိမှု၊ ပညာရေး၊ အသုံးအဆောင်ပစ္စည်းပိုင်ဆိုင်မှုနှင့် နည်းပညာအသုံးပြုမှုတို့တွင် ပြောင်းလဲလာပါသည်။ ပြည်ထောင်စုအဆင့်တွင် ဆိုလာနည်းပညာသုံးစွဲမှု မြင့်မားလာခြင်းနှင့် မဟာဓာတ်အားလိုင်း တိုးချဲ့မှုတို့ကြောင့် အိမ်ထောင်စုများ၏ မီးရရှိရေး နည်းလမ်းပုံစံများ ပြောင်းလဲသွားခဲ့ပြီး အိမ်သုံး လျှပ်စစ်ပစ္စည်း အမျိုးမျိုးကိုလည်း ပိုမို သုံးစွဲလာနိုင် ကြပါသည်။** မဟာဓာတ်အားလိုင်း ကွန်ရက်သည် ၂၀၁၅ ခုနှစ်တွင် နိုင်ငံလူဦးရေ၏ ၃၄ ရာခိုင်နှုန်း ကိုသာ လွှမ်းခြုံခဲ့ရာမှ ၂၀၁၇ခုနှစ်တွင် ၄၂ ရာခိုင်နှုန်းကို တိုးတက်လွှမ်းခြုံနိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံရှိ ကျေးလက်ဒေသများတွင် အလယ်တန်းကျောင်းအပ်နှံမှုနှုန်းသည် ၂၀၁၀ နှင့် ၂၀၁၇ ကြား၌ ၄၇ ရာခိုင်နှုန်းမှ ၆၈ ရာခိုင်နှုန်းသို့ တိုးလာပါသည်။ ထို့ပြင် **လက်ကိုင်ဖုန်းများ ပိုင်ဆိုင်မှုနှင့် အသုံးပြုမှု တိုးပွားလာခြင်းကြောင့် ဆက်သွယ်ချိတ်ဆက်နိုင်မှုများကို တိုးတက်စေခဲ့ပါသည်။ ၂၀၁၇ ခုနှစ်တွင်** အိမ်ထောင်စုများ၏ ၈၂ ရာခိုင်နှုန်းသည် အနည်းဆုံး မိုဘိုင်းဖုန်းတစ်လုံးကို ပိုင်ဆိုင်သည်ဟု ဖြေဆိုခဲ့ကြပြီး ဖုန်းအများစုသည် စမတ်ဖုန်းများ ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၏ကိုယ်စား အဖွင့်မိန့်ခွန်းမြွက်ကြားရာတွင် *"အစီရင်ခံစာတွင် ပါရှိသော အချက်အလက်များကို စနစ်တကျခွဲခြမ်းစိတ်ဖြာ၍ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးနှင့် ပြည်သူလူထုအကျိုးရှိစေရေးအတွက် မူဝါဒများ ချမှတ်ရာတွင်လည်းကောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင်လည်းကောင်း သက်ဆိုင်ရာဌာနများမှ လက်တွေ့အသုံးချသွားရမည် ဖြစ်ကြောင်း၊ အစီရင်ခံစာပါ အချက်အလက်များမှတစ်ဆင့် အားသာချက်များ၊ အားနည်းချက်များနှင့် လိုအပ်ချက်ရှိသော ကဏ္ဍများကို သိရှိနိုင်မည်ဖြစ်၍ အားနည်းချက်ရှိသည့်၊ လိုအပ်သည့် ကဏ္ဍများကို အားဖြည့်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ဝန်ကြီးဌာနများအတွက် ဘဏ္ဍာငွေနှင့် အရင်းအမြစ်များ ခွဲဝေချ ထားခြင်းဆိုင်ရာ မူဝါဒများကို ပြန်လည်သုံးသပ်နိုင်မည် ဖြစ်ပါကြောင်း၊ အသုံးချသုတေသနလုပ်ငန်း သည် လက်ရှိအခြေအနေကို လေ့လာသုံးသပ်၍ အားနည်းချက်များကို အားဖြည့်ဆောင်ရွက်ကာ ပိုမို ကောင်းမွန်တိုးတက်စေရန် အချက်အလက်များကို ထောက်ပံ့ပေးနိုင်သဖြင့် အလွန်အရေးကြီးပါ ကြောင်း၊ ယခုစစ်တမ်းအပါအဝင် စစ်တမ်းအသီးသီးမှ အချက်အလက်များကို မူဘောင်များနှင့် လမ်းပြ မြေပုံများ ချမှတ်ရာတွင်လည်းကောင်း၊ စီမံကိန်းရေးဆွဲရာတွင်လည်းကောင်း လက်တွေ့အသုံးပြု၍ နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုး ဖွံ့ဖြိုးတိုးတက်စေရေးလုပ်ငန်းများကို ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း"* ပြောကြားသွားခဲ့ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးမှ "၎င်းအစီရင်ခံစာသည် ပြည်သူလူထုအတွက် ပွင့်လင်းမြင်သာမှုကို မြှင့်တင်ရာရောက်ပြီး ပြည်သူများအနေဖြင့် မည်သည့်အရာများ တည်ရှိနေသည်၊ မည်သည့်အရာများ မရှိသေးပါ၊ စသည်ဖြင့် လိုအပ်ချက်များကို ဖော်ထုတ်နိုင်ပြီး အစိုးရအနေဖြင့် မည်သည်တို့ကို ကြိုးပမ်းဆောင်ရွက်ပေးရန် လိုအပ်သည်၊ ပြည်သူတို့ဘက်မှလည်း ၎င်းတို့၏ အစိုးရအား မည်သည့်အရာများ တောင်းဆိုသင့်သည်၊ စသည်တို့အား သိရှိစေနိုင်ကြောင်း" အမှာစကားတွင် ထည့်သွင်းပြောကြားသွားပါသည်။

ထို့ပြင် နိုင်ငံ၏ အချို့သော နေရာဒေသများနှင့် အချို့သော ညွှန်ကိန်းများတွင် ပညာရေး၊ ရေနှင့် သန့်ရှင်းမှု၊ အိမ်ရာအနေအထားများ၌ တိုးတက်မှုများ နောက်ကျကျန်နေဆဲဖြစ်ကြောင်းကိုလည်း အစီရင်ခံစာက ပြသနေပါသည်။ ဥပမာ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မူလ တန်း ကျောင်းနေအရွယ်ကလေး ဆယ်ဦးတွင် တစ်ဦးသည် ကျောင်းတက်ရောက်နိုင်ခြင်း မရှိသည်ကို တွေ့ရပါသည်။ ရေနှင့် သန့်ရှင်းမှုအပိုင်းတွင်လည်း ဧရာဝတီတိုင်းဒေသ ကြီးနှင့် ရခိုင်ပြည်နယ်တို့ရှိ ဒေသအချို့တွင် မြစ်၊ ချောင်းရေအိုင်တို့မှ ရေကို သောက်ရေအဖြစ် အသုံးပြုမှု မြင့်မားနေဆဲ ဖြစ်ပါသည်။

*"ဒီအစီရင်ခံစာကြောင့် မြန်မာနိုင်ငံအကြောင်း နောက်ဆုံးအချက်အလက်တွေကို ကျွန်တော်တို့ သိခွင့်ရပါတယ်။ တိုးတက်မှုရှိခဲ့တဲ့ နေရာတွေကိုလည်း သိရှိနိုင်သလို လိုအပ်မှုတွေ ရှိနေသေးတဲ့ နေရာတွေကိုလည်း ကွက်ကွက်ကွင်းကွင်း သိမြင်နိုင်ပါတယ်။ ပြည်သူတွေအားလုံးအတွက် တိုးတက်မှုရဲ့ အကျိုးကျေးဇူးတွေ ခံစားနိုင်အောင် အလေးထားလုပ်ဆောင်ကြဖို့ လိုအပ်ပါတယ်။"* **ဟု ကမ္ဘာ့ ဘဏ်မှ ဌာနေမန်နေဂျာ Gevorg Sargsyan က ပြောကြားခဲ့ပါသည်။**

*"မြန်မာနိုင်ငံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို အပြီးသတ်ရေးဆွဲနေတဲ့အချိန်မှာ ဒီအစီရင်ခံစာကို ထုတ်ပြန်ခဲ့တာကြောင့် အစီရင်ခံစာဟာ ပိုလို့တောင်အချိန်အခါသင့်ပြီး အသုံးဝင်မှာ ဖြစ်ပါတယ်"* ဟု ပြောကြားသွားပါသည်။

***UNDP မြန်မာ၏ ဌာနေညွှန်ကြားရေးမှူး Peter Batchelor*** *က "UNDP အနေနဲ့ မြန်မာနိုင်ငံအစိုးရကို ဒီစစ်တမ်းကောက်ယူမှုမှာ ကူညီပံ့ပိုးခွင့်ရခဲ့တဲ့အတွက် အထူးပဲ ဝမ်းမြောက်မိပါတယ်။ ယုံကြည်စိတ်ချရတဲ့ အချက်အလက်တွေဟာ သက်သေအထောက်အထား အခြေခံတဲ့ မူဝါဒချမှတ်မှု လုပ်ငန်းစဉ်တွေကို ဘယ်လိုပံ့ပိုးပေးနိုင်တယ်၊ နိုင်ငံအနှံ့အပြားမှာရှိတဲ့ ပြည်သူတွေရဲ့ အခြေအနေမှန်တွေကို သိရှိဖို့ ဘယ်လိုအထောက်အကူဖြစ်တယ်ဆိုတာ ဒီစစ်တမ်းက ပြသလိုက်တာပါပဲ" ဟု ပြောကြားခဲ့ပါသည်။*

*၎င်းကပင် ဆက်လက်၍ "ဒီအစီရင်ခံစာဟာ မြန်မာနိုင်ငံရဲ့ ဘယ်ဒေသတွေဟာ ထိခိုက်အလွယ်ဆုံး ဖြစ်နေတယ်၊ ဘယ်ဒေသတွေက ပြည်သူတွေက ဖွံ့ဖြိုးမှုမှာ နောက်ကျကျန်နေခဲ့တယ်ဆိုတာတွေကို မီးမောင်းထိုးပြနိုင်ပြီး အားလုံးပါဝင်နိုင်မှု ပိုရှိတဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ရရှိဖို့အတွက် ဘယ်နေရာတွေမှာ ပိုပြီး ကြိုးပမ်းလုပ်ဆောင်ရမယ်ဆိုတာကိုလည်း ပြသနိုင်ပါတယ်။ ဒီအစီရင်ခံစာဟာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်တွေ ပြည့်မီရေးကို အထောက်အကူပြုမယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်" ဟု ပြောကြားသွားပါသည်။*

မြန်မာနေထိုင်မှုအခြေအနေစစ်တမ်းသည် မြန်မာပြည်သူများ၏ဘဝ အဆင်ပြေသာယာမှုကို ဘက်စုံဆန်းစစ်ထားသော စစ်တမ်းတစ်ခု ဖြစ်ပါသည်။ စစ်တမ်းမှ ယုံကြည်စိတ်ချရပြီး တိကျသော နောက်ဆုံးရ အချက်အလက်များကို ပံ့ပိုးပေးနိုင်မည်ဖြစ်ပြီး ထိုအချက်အလက်များကို အနာဂတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများ ရေးဆွဲရာတွင်လည်းကောင်း၊ ၂၀၃၀ လုပ်ငန်းစဉ်အရ အကောင်အထည်ဖော်နေသော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များကို စောင့်ကြည့်လေ့လာရာတွင်လည်းကောင်း အသုံးပြုနိုင်မည်ဖြစ်ပါသည်။

၂၀၁၈ခုနှစ် နောက်ပိုင်းကာလများတွင် အစဉ်အလိုက်ဆက်လက်ထွက်ရှိလာမည့် မြန်မာနေထိုင်မှု အခြေအနေ စစ်တမ်းကို ဆန်းစစ်လေ့လာထားသည့် အစီရင်ခံစာများတွင် ဤအစီရင်ခံစာသည် ပထမဦးဆုံး အစီရင်ခံစာဖြစ်ပါသည်။

အစီရင်ခံစာကို ရယူရန် -
http://www.mm.undp.org/content/myanmar/en/home/library/poverty/MLCS.html

**ထပ်မံသိလိုသည်များရှိပါက ဆက်သွယ်ရန် -**
*CSO - **ဦးဖုန်းသန့်**၊ +95 9 5017734* phonethant@gmail.com
***ဦးရဲလင်းထွန်း*** +95 9 794644510 yelinhtuncso2014@gmail.com

*UNDP - ယမုံဖူးသစ်၊ +95 9 7916 39052* yamon.phu.thit@undp.org

*ကမ္ဘာ့ဘဏ်၊ ရန်ကုန် - ကျော်စိုးလင်း၊* +95 9 203 1159 klynn@worldbank.org